# အမျိုးသားများ မဟာမိတ်အဖွဲ့ ဖွဲ့စည်းကြောင်း ထုတ်ပြန်ကြေညာချက်

ရက်စွဲ ။ ။ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၁၅ ရက်

စာအမှတ်။ ။ NA/ ၀၀၁ / ၂၀၁၉

အမျိုးသားတန်းတူညီမျှရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးတို့ကို ဦးတည်လျှက် တိုင်းရင်းသားလူမျိုးများ၏ စုစည်းညီညွတ်သော ခွန်အားတရပ်ကို ဖော်ဆောင်နိုင်ရန်အလို့ငှါ အမေရိကန်ပြည်ထောင်စုရောက် ကျွန်ုပ်တို့ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ရခိုင် နှင့် ရှမ်းလူမျိုးများ စုစည်းပါဝင်သည့် အမျိုးသားများမဟာမိတ်အဖွဲ့ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင်၊ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီမြို့တော်၌ ဖွဲ့စည်းတည်ထောင်လိုက်ကြပါသည်။

ဗဟိုအစိုးရအနေဖြင့်နိုင်ငံရေးအုပ်ချုပ်ပုံ စနစ်နှင့် ခေါင်းဆောင်မှုပုံသဏ္ဍာန်များအပေါ် ပြောင်းလဲဟန်များ ပြသနေသော် ငြားလည်း ဌာနေတိုင်းရင်း သားနယ်မြေများ၌ စနစ်ကျသည့် ဒေသခံအစိုးရ အုပ်ချုပ်မှုပုံစံတည်ထောင်မှုမရှိခြင်းနှင့်အတူ ပြောပလောက်သော တိုးတက် ဖြစ်ထွန်းမှုများ တစုံတရာဖြစ်တည်မလာခဲ့ဘဲ သိသာထင်ရှားသည့် တရားဥပဒေ လက်လွတ်ပြုကျင့်မှုများ၊ လူမှုအဆောက်အဦး ပျက်စီးယိုယွင်းမှုများ၊ ဖရိုဖရဲဖြစ်တည်မှုများကဲ့သို့သော အကျိုးဆက် ဖြစ်ထွန်းမှုများကိုသာ တွေ့မြင်နေရပေသည်။ ကျွန်ုပ်တို့ဖြတ်သန်းနားလည်ဖြစ်သည့် သမိုင်းကြောင်း စဉ်ဆက်သင်ခန်းစာများ အရသော်လည်းကောင်း၊ လက်ရှိမြင်တွေ့နေရသည့် အခင်းအကျင်းများကို အခြေပြု၍ သော်လည်းကောင်း မိမိတို့နယ်မြေအသီးသီး၏ လက်တွေ့ကျကျ အပေါင်းလက္ခဏာ ဆောင်သည့် အပြောင်းအလဲများနှင့် ပကတိတိုးတက်ဖြစ်ထွန်းမှုများကို မိမိတို့ဒေသခံ လူမျိုးများ ကသာလျှင် ပြုပြင်ပြောင်းလဲနိုင်မည် ဖြစ်သည်ဟု ကျွန်ုပ်တို့ လေးနက်စွာယုံကြည်ပါသည်။

သို့ဖြစ်သည့်အားလျော်စွာ မိမိတို့လူမျိုးများအားလုံးအတွက် လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးတို့ကို ရှေးရှုလျှက် အမျိုးသားများမဟာမိတ်အဖွဲ့ကို အောက်ဖေါ်ပြပါ အဖွဲ့အစည်းများဖြင့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဖွဲ့စည်းလိုက်ပါသည်။

☐ Arakan American Community (AAC)
☐ International Karen Organization (IKO)
☐ Kachin Alliance (KA)
☐ Karenni American Association (KnA)
☐ Mon American Association (MAA)
☐ Shan Literature and Culture Association (SLCA)


ဆက်သွယ်ရန်

ဦးသိန်းမောင် (၃၃၁-၂၂၅-၇၇၂၀) (မြန်မာဘာသာဖြင့်)
Email:nationalitiesalliance@gmail.com